미얀마어

# ဝက်မွေးမြူရေးခြံများတွင်အာဖရိကဝက်တုပ်ကွေးပိုင်းရပ်စ်ရောဂါကူးစက်မှုကာကွယ်ရေးဆောင်ရွက်မှုများ

## ဝက်မွေးမျူရေးခံများတွင်ကာကွယ်ရေးဆောင်ရွက်မှုများ၏ရည်ရွယ်ချက

1. အာဖရိကဝက်တုပ်ကွေးပိုင်းရပ်စ်များသည်ခံထဲသို့ပိုးသယ်ဆောင်ကောင်များ၊မော်တော်ယာဉ်များ၊ကုန်ပစ္စည်းများနှင့်လူများထံမှဝင်ရောက်လာပါသည်။
2. ခံများကို"ငါသည်ငါ့ခံ၏ကာကွယ်စောင့်ရှောက်သူဖစ်သည်"ဟူသောစိတ်ဓာတ်မျိုးဖင့်ပိုးသယ်ဆောင်ကောင်များ၊မော်တော်ယာဉ်များ၊ကုန်ပစ္စည်းများနှင့်လူများထံမှတစ်ဆင့်ပိုင်းရပ်စ်ပိုးများခံထဲသို့မဝင်ရောက်အောင်ပင်းပင်းထန်ထန်ကာကွယ်ထားရပါမည်။

## 1. ခံတစ်ဝိုက်တွင် (ပိုးသယ်ဆောင်ကောင်များ, မော်တော်ယာဉ်ကိရိယာ, လူများ)



ခံ ပင်ပတွင်နိုင်ခံသောခြံစည်းရိုးတပ်ဆင်ပြီး၊ခြံစည်းရိုးတွင်တောရိုင်းတိရိစ္ဆာန်ပိုးသတ်ဆေးကိုအသုံးပြု၍ညီညာစွာဖျန်းထားပါ။
* ခြံပတ်လည်တွင်အမြင့်၁.၅မီတာသို့မဟုတ်ယင်းထက်ပိုမြင့်သောခြံစည်းရိုးကိုကပ်၍တပ်ဆင်ပါ။



ခံဝင်းပတ်လည်တွင်၅ဝစင်တီမီတာထက်ပိုရှည်သောထုံးကြောင်းဆွဲပါ၊အချိန်ပိုင်းအလိုက်ခြံကိုပိုးသတ်ပါ။



ခြံပတ်လည်တွင်တောဝက်ရိုင်း (သို့မဟုတ်အသေကောင်သို့မဟုတ်မစင်) တွေ့ရှိပါကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့မဟုတ်ကူးစက်ရောဂါကာကွယ်ရေးဌာနသို့ချက်ချင်းသတင်းပို့ပါ။




ခြံအနီးအနားပတ်လည်ရှိတောဝက်ရိုင်းသွားလာထားသည့်နေရာများ (စိုက်ပျိုးမြေ) တွင်ထွက်ရှိသောကောက်ပဲသီးနှံများနှင့်ကောက်ရိုးကိုမယူဆောင်ပါနှင့်။




ခြံပြင်ပတွင်အသုံးပြုထားသောကိရိယာများ (ထွန်စက်များ၊စိုက်ပျိုးရေးစက်များစသည်ဖြင့်)ကိုခြံထဲသို့မယူလာပါနှင့်။




သားငါးသယ်သည့်ကားများကိုတတ်နိုင်သလောက်အကြိမ်ရေအနည်းဆုံးသာပေးဝင်ပါ။
- ကားဘီးမှမြေကြီးများနှင့်ကားအောက်ပိုင်းတွင်ကပ်ပါလာသည့်အမှိုက်များကိုပစ္စည်းများကိုဖယ်ရှားပြီးပါကပိုးသတ်ပါ။သာမန်ပိုးသတ်ဆေးကိုအသုံးပြုပြီးယာဉ်မောင်းထိုင်ခုံကိုပိုးသတ်ပါ။



ခြံ အနီးတစ် ဝို က် ကို သန့်ရှင်းရေးလုပ် ပါ၊အဝတ် စ များ၊ဦးထုပ်များနှင့်ဖိနပ်များကို နေ့စဉ်ပိုးသတ် ပါ။၂-၃ရက်လျှင်တစ်ကြိမ်အပြည့်လျှော်ပါ။
* ခြင်ကာကွယ်ရန်ခြံပတ်လည်တွင်ပိုးဝင်နိုင်ခြေရှိသည့်နေရာတိုင်း(အမှိုက်ပုံ၊ရွံ့ကန်၊ခြံပတ်စသည်ဖြင့်)ကိုတောက်လျှောက်သန့်ရှင်းရေးလုပ်ပြီးပုံမှန်မြက်နုတ်ပါ။




ကျန်းမာရေးဝန်ဆောင်မှုလိုအပ်ခြင်းမျိုးမှလွဲပြီးအပြင်လူများကိုခြံထဲပေးမဝင်ပါနှင့်။
* ခံထဲသို့မှဆိုးများနှင့်လယ်သမားများကိုလုံးဝပေးမဝင်ရ။
* ဝင်ပေါက်အဖွင့်အပိတ်ကိုသေချာစွာစီမံခန့်ခွဲပြီးခြံဝင်ပေါက်ဝမှလွဲပြီးအခြားဝင်ပေါက်များကိုပိတ်ဆို့ပါ။



ခံတာဝန်ရှိသူများသည်အမဲလိုက်ခြင်းနှင့်တောင်တက်ခြင်းများကိုမပြုလုပ်ရ။
* သဘာဝစားကျက်များ၊ရေကန်များသို့မဟုတ်တောဝက်များရှိနိုင်သည့်နေရာများသို့သွားရောက်မလည်ပတ်ရ။


농림축산식품부
Ministry of Agriculture, Food and Rural Affairs
Livestock Health Control Association
가축위생방역지원본부

## 2. ခံတွင်းတွင် (ပိုးသယ်ဆောင်ကောင်များ, မော်တော်ယာဉ်ကိရိယာ, လူများ)




ခံအတွင်းကိုသန့်ရှင်းစွာထားပြီးအပုတ်အသိုးများ၊အစာသိုလှောင်သည့်နေရာများ (အစာကျွေးပုံးများ) ပို့ဆောင်ပစ္စည်းများစသည်တို့ကိုအချိန်ပိုင်းအလိုက်ပိုးသတ်ပါ။




ကျနေသည့်ပစ္စည်းများ (အစာများ၊အကြွင်းအကျန်များ၊မြက်များ၊မြက်ခြောက်များစသည်တို့ကို)သည်တောရိုင်းတိရစ္ဆာန်များနှင့်ပျံသန်းနိုင်သောသားရဲတိရစ္ဆာန်များအတွက်အစာဖြစ်နိုင်သဖြင့်ခြံအတွင်းလုံးဝတားမြစ်ပါသည်။




အသေကောင်များ၊တိရစ္ဆာန်မွေးကင်းစအသေများသို့မဟုတ်တိရစ္ဆာန်အချင်းများစသည်တို့ကိုခြံအတွင်းမထားပါနှင့်သို့မဟုတ်အပုပ်အသိုးထားသည့်ဇရပ်တွင်စွန့်ပစ်ပါ။
* ရောဂါဖြစ်ပွားမှုကိုကာကွယ်ရန်အတွက်အသေကောင်စွန့်ပစ်ဖယ်ရှားသည့်စက်ကိုသုံးပါသို့မဟုတ်ကုမ္ပဏီဝန်ဆောင်မှုကိုအသုံးပြုပါ။




ခြံအတွင်းရှိမြောင်းများနှင့်အဆက်အတောက်များတွင်ဝါယာစည်းရိုးများကိုငှင်း၊အပုပ်အသိုးထားရာဇရပ်၊အစာသိုလှောင်သည့်နေရာနှင့်မြက်(အစာ)သိုလှောင်သည့်ဂိုထောင်တွင်ငှက်တားသည့်ဝါယာစည်းရိုးများကိုငှင်းတပ်ဆင်ပါ။




ခြံထဲတွင်တိရစ္ဆာန်များ (ခွေး၊ကြောင်စသည်ဖြင့်)ကိုသွားလာခွင့်မပြုဘဲခြံတွင်းသတ်မှတ်ထားသည့်နေရာတွင်သာကျောင်းပါ။
* ၄င်းတိရစ္ဆာန်များခြံတွင်းမှခြံပြင်မထွက်နိုင်စေရန်ခြံပေါက်ကိုသေချာစွာစီမံထားရှိပါ။




ခံတွင်းအသုံးပြုသည့်ကိရိယာများကိုနေ့စဉ်သန့်ရှင်းရေးလုပ်ကာပိုးသတ်ပြီးခြံ၏သိုလှောင်ခန်းတွင်သိမ်းဆည်းပါ။
* သိုလှောင်ထားချိန်တွင်၄င်းတို့ကိုခရမ်းလွန်ရောင်ခြည် (ယူဗီ) အသုံးပြုပြီးပိုးသတ်ပါ။




နေရာတွင်တစ်ကိုယ်ရေပိုးသတ်သည့်နေရာနှင့်ခြံအတွင်းဝင်သည့်နေရာတွင်သေချာပိုးသတ်နိုင်သည့်ခြေထောက်ပိုးသတ်သည့်နေရာထားရှိရမည်ဖြစ်ပြီးလူအဝင်အထွက်ကိုသေချာစွာမှတ်တမ်းလုပ်ပါ။




ခံတွင်းဝင်မည့်လူများကိုသေချာစွာပိုးသတ်နိုင်ရန်အတွက်ခြံဝင်ပေါက်ဝတွင်ရောဂါကာကွယ်ရေးအခန်းကိုပြုလုပ်ထားရပါမည်။
* ဝင်ရောက်မည့်သူများသည်ရေချိုးခြင်းသို့မဟုတ်ပိုးသတ်ခြင်း/ အဝတ်လဲခြင်း (ဘွတ်ဖိနပ်)တို့ပြုလုပ်ပြီးမှသာခြံတွင်းလုပ်ဆောင်ရမည်များကိုလုပ်ဆောင်ရပါမည်။

**1588-9060**
**1588-4060**

## 3. ခြံဝင်းအတွင်းတွင် (ပိုးသယ်ဆောင်ကောင်များ, ကုန်ပစ္စည်းများ, လူများ)




ခံဝင်းအတွင်းကိုအချိန်ပိုင်းအလိုက်သေချာစွာသန့်ရှင်းရေးလုပ်၍ပိုးသတ်ပါ။




ခြံဝင်းတွင်းရှိအပေါက်များကိုပိတ်ပါ၊အင်းဆက်များ၊ကြွက်နှင့်ယင်များမဝင်လာနိုင်စေရန်ပိုက်ကွန်ဇကာများနှင့်အင်းဆက်တားသည့်ပိုက်ကွန်ဇကာများကိုတပ်ဆင်ပါ။
- အင်းဆက်များ၊ငှက်များလေဝင်ပေါက်နှင့်လေဝင်ပိုက် (ပြတင်းပေါက်များ)မှဝင်ရောက်လာခြင်းတားဆီးရန်အတွက်အင်းဆက်တားသည့်ပိုက်ကွန်ဇကာကိုတပ်ဆငပါ။
* ကြွက်နှင့်ယင်ကောင်များကိုမောင်းထုတ်ရန်ယင်ကောင်ဖမ်းစက္ကူ၊ကြွက်ထောင်ချောက်များ၊ပိုးသတ်မီးအိမ်နှင့်သန်ကောင်ချဆေးနှင့်ပိုးဖျန်းဆေးများကိုအသုံးပြုပါ။




အသစ်မွေးသောဝက်များနှင့်ခြံမွေးဝက်များကိုသီးခြားခြံဝင်းထဲတွင်ထားပြီးအခြားဝက်ခြံဝင်းထဲသို့မရွှေ့မီအထိအနီးကပ်စောင့်ကြည့်ပါ။




ဝက်နှင့်တိုက်ရိုက်ထိတွေ့သောပစ္စည်းများ (ဆေးထိုးအပ်များ၊မျိုးဆက်ပွားသုံးပစ္စည်းများ၊ပိုက်ခေါင်းများစသည်ဖြင့်)ကိုကာလအပိုင်းအခြားအလိုက်သန့်ရှင်းရေးလုပ်ပြီးပိုးသတ်ပါ။အပြင်သို့မယူထွက်ဘဲခြံတွင်းတွင်သာသိမ်းဆည်းပါ။




ခံဝင်အဝရှိပထမဆုံးအခန်းတွင်လူများဖိနပ်နှင့်အဝတ်လဲနိုင်သည့်အခန်းကိုပြုလုပ်ထားပါ။ခြံဝင်းထဲဝင်မည့်သူများသည်သတ်မှတ်ထားသောအဝတ်နှင့်ဘွတ်ဖိနပ်များကိုလဲရမည်ဖြစ်ပြီးလက်ကိုသေချာစွာဆေးကြောရပါမည်။

농림축산식품부
Ministry of Agriculture, Food and Rural Affairs

Livestock Health Control Association
가축위생방역지원본부